Message Eleven

# ဖောဇနှင့် ရုသသည် ခရစ်တော်နှင့် အသင်းတော်ကို ပုံဆောင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ရုသ၊ ၁း၁၆-၁၇။ ၂း၁-၃၊ ၁၃-၁၆။ ၃း၉၊ ၁၂၊ ၁၅။ ၄း၁-၁၇၊ ၂၁-၂၂

**I. ယောရှုမှ ရုသစာစောင်အထိ အစ္စရေး၏ သမိုင်းကြောင်းဝေစု အစပိုင်းနှင့် အဆုံးပိုင်းတို့တွင် ခရစ်တော်ကို ပုံဆောင်သည့် ထင်ရှားပေါ်လွင်သော ပုဂ္ဂိုလ်နှစ်ဦးကို တွေ့ရသည်။ ဤပုဂ္ဂိုလ်များမှာ ယောရှုနှင့် ဖောဇတို့ဖြစ်ကာ၊ သူတို့သည် ပုဂ္ဂိုလ်တစ်ဦး၏ သွင်ပြင်နှစ်ခုကို ရည်ညွှန်းနေသည် - ယော၊၁း၁။ ရုသ၊၄း၂၁-၂၂။**

A. အစပိုင်း၌ ယောရှုသည် ဘုရားသခင်၏ရွေးချယ်ခံလူများကို ဘုရားသခင်စီမံထားသော ကောင်းချီးမင်္ဂလာများအထဲသို့ ခေါ်ဆောင်လာခြင်း၌ ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည်။ ယောရှုအားဖြင့် ပုံဆောင်သည့် ခရစ်တော်သည် ကျွန်ုပ်တို့ကို ကောင်းသောမြေအထဲသို့ ခေါ်ဆောင်ကာ၊ ကျွန်ုပ်တို့အတွက် မြေကို ရယူသိမ်းပိုက်ခဲ့ပြီး၊ ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျွန်ုပ်တို့၏အမွေအဖြစ် မြေကို ကျွန်ုပ်တို့ထံ ခွဲဝေပေးခဲ့သည်။ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ကောင်းသောမြေကို ရယူပိုင်ဆိုင်ခဲ့ကာ၊ နောက်ဆုံးတွင် ကိုယ်တော်သည် ကျွန်ုပ်တို့မွေ့လျော်ရန်အတွက် ကောင်းသောမြေဖြစ်သည်။

B. အဆုံးပိုင်းတွင် ဖောဇသည် ကျွန်ုပ်တို့၏ကျေနပ်နှစ်သိမ့်ခြင်းအတွက် ကျွန်ုပ်တို့၏ခင်ပွန်းဖြစ်သည့် ခရစ်တော်ကို ပုံဆောင်သည်။

**II. ရုသစာစောင်၌ ဖောဇသည် အောက်ဖော်ပြပါသွင်ပြင်များ၌ ခရစ်တော်ကို ပုံဆောင်သည်။**

A. ဥစ္စာခနဲ ချမ်းသာကြွယ်ဝကာ၊ ပေးကမ်းခြင်း၌ ရက်ရောတတ်သူ (၂း၁၊ ၁၄-၁၆။ ၃း၁၅) လူတစ်ဦးအဖြစ် ဖောဇသည် ခရစ်တော်ကို ပုံဆောင်ပြီး၊ ကိုယ်တော်၏ ဘုရားဆိုင်ရာကြွယ်ဝခြင်းများမှာ စစ်၍မကုန်နိုင်ဖြစ်ကာ၊ ဘုရားသခင်၏ ဆင်းရဲချို့တဲ့သောလူများကို ကိုယ်တော်၏ ကြွယ်ဝပေါများသော မစမှုဖြင့် ဂရုစိုက်ပေးသူဖြစ်သည် (ဧ၊၃း၈။ လု၊၁၀း၃၃-၃၅။ ဖိ၊၁း၁၉)။

B. အမျိုးသားချင်းအဖြစ် (ရု၊၂း၃။ ၃း၉၊ ၁၂)၊ မဟာလုန်၏ ပိုင်ဆိုင်မှုကို ဆုံးရှုံးသွားခဲ့ခြင်းအား ပြန်ရွေးနုတ်ကာ၊ မဟာလုန်၏မုဆိုးမဖြစ်သော ရုသကို လိုအပ်နေသည့် အမွေခံများအား ထုတ်လုပ်ခြင်းအတွက် သူ၏ဇနီးအဖြစ် ရယူခဲ့သူ (၄း၉-၁၀၊ ၁၃) ဖောဇသည် ခရစ်တော် တည်းဟူသော အသင်းတော်ကို ရွေးနုတ်သောသူ၊ ကိုယ်တော်၏ တိုးပွားခြင်းအတွက် အသင်းတော်ကို ကိုယ်တော်၏အဖော်အဖက်ဖြစ်စေသူကို ပုံဆောင်သည် (ဧ၊၅း၂၃-၃၂။ ယော၊၃း၂၉-၃၀)။

C. ရုသစာစောင်အရ ဖောဇသည် ရုသကို ရွေးနုတ်ခဲ့ကာ၊ သူမ၏ သားဦးအရိုက်အရာကိုလည်း ရွေးနုတ်ပေးခဲ့သည်။ ထို့ကြောင့် သူသည် ခရစ်တော်၏ ထင်ရှားသော ဘိုးဘေးတစ်ဦးဖြစ်လာခဲ့သည် - ၄း၁-၁၇၊ ၂၁-၂၂။ မ၊၁း၅-၆။

1. ညီအစ်ကိုတစ်ဦးအဖြစ်လည်းကောင်း၊ ဖောဇအဖြစ်လည်းကောင်း သင်သည် သင်ကိုယ်တိုင်၏ သားဦးအရိုက်အရာကိုသာမက၊ အခြားသူများအဖို့ ခရစ်တော်၏သားဦးအရိုက်အရာကိုလည်း ဂရုစိုက်ပေးရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် သင်သည် သင်ကိုယ်တိုင် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအတွက်သာမက၊ အခြားသူများက ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအတွက်လည်း ဂရုစိုက်ရမည်ဖြစ်သည် - ဧ၊၃း၂။ ၁ပေ၊၄း၁၀-၁၁။ မ၊၂၄း၄၅-၄၇။

2. အသင်းတော်အသက်တာရှိ ချစ်ဖွယ်သောသူအချို့တို့သည် ရုသကဲ့သို့ ဖြစ်လာကာ၊ သူတို့၏သားဦးအရိုက်အရာကို မွေ့လျော်ဝမ်းမြောက်မှု၊ ခရစ်တော်ကို သူတို့မွေ့လျော်ဝမ်းမြောက်မှု ဆုံးရှုံးသွားခဲ့သည် ဆိုကြပါစို့။ ကျွန်ုပ်တို့သည် အသင်းတော်အသက်တာ၌ များစွာသော ဖောဇများဖြစ်လာကာ၊ ဤချစ်ဖွယ်သော သန့်ရှင်းသူများကို ခရစ်တော်အား မွေ့လျော်ဝမ်းမြောက်ခြင်းအထဲသို့ ပြန်လည်ခေါ်ဆောင်ပေးရမည်ဖြစ်သည်။

3. ရုသစာစောင်က ဖောဇထက် ရုသထံသို့ ပို၍နီးစပ်သောသူ နောက်ထပ် အမျိုးသားချင်းတစ်ဦးလည်း ရှိကြောင်း၊ သို့သော် ထိုသူသည် တကိုယ်ကောင်းဆန်ကြောင်း ပြောထားသည်။ သူသည် မိမိကိုယ်တိုင်၏ သားဦးအရာအတွက်သာ ဂရုစိုက်လေသည်။

a. ညီအစ်ကို အချို့တို့သည် အသင်းတော်အသက်တာတွင် ဆင်းရဲသော "ရှသများ"ကဲ့သို့ ဖြစ်နေသောသူများကို ဂရုစိုက်သင့်သည်၊ သို့သော် သူတို့သည် ခရစ်တော်ကို ဝိညာဉ်ရေးရာမွေ့လျော်ဝမ်းမြောက်မှု၌ တကိုယ်ကောင်းဆန်ကြသည် - ယေဇ၊၃၄း၂-၂၃။

b. စစ်မှန်သော ဗောဇကဲ့သို့ဖြစ်သောသူ၊ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၌ ကြွယ်ဝသောသူ တစ်စုံတစ်ဦးသည် ထိုသို့သော သန့်ရှင်းသူများအား ခရစ်တော်ကို အပြည့်အဝမွေ့လျော်ဝမ်းမြောက်ခြင်းအထဲသို့ ခေါ်ဆောင်ရန် အဖိုးအခပေးကြလိမ့်မည်ဖြစ်သည်။ အခြားသူများကို ဤနည်းလမ်း၌ ထိန်းကျောင်းခြင်းအားဖြင့် သူသည် ခရစ်တော်ကို ပို၍ မွေ့လျော်ဝမ်းမြောက်ခြင်း၊ ခရစ်တော်ကို အကြီးမြတ်ဆုံး မွေ့လျော်ဝမ်းမြောက်မှု ရရှိလိမ့်မည်ဖြစ်သည်။ တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့သည် အခြားသူများ၏ ခရစ်တော်ကိုမွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ဂရုစိုက်ရမည်ဖြစ်သည် - သု၊၁၁း၂၅။ တ၊၂၀း၃၅။ ၁ပေ၊၅း၁-၄။

D. ဗောဇကဲ့သို့ ဖြစ်သောသူများသည် အသင်းတော်အသက်တာရှိ တိုင်များကဲ့သို့ ဖြစ်ကြသည် (ဗိမာန်တော်ရှိ တိုင်များမှ တစ်ခုမှာ "ဗောဇ"ဟူသော အမည်ရှိသည် - ၁ဘုရင်၊၇း၂၁)။ ကျမ်းစာ၌ တိုင်သည် ကိုယ်ခန္ဓာတော်အသက်တာကို လက်တွေ့လုပ်ဆောင်ခြင်း၌ ပုံသဏ္ဍာန်ပြောင်းလဲခြင်းမှတစ်ဆင့် ဘုရားသခင့်တည်ဆောက်ခြင်း၏ အမှတ်လက္ခဏာ၊ သက်သေခံချက်ဖြစ်သည် - က၊၂၈း၂၂က။ ၁ဘုရင်၊၇း၁၅-၂၂။ ဂလ၊၂း၉။ ၁တိ၊၃း၁၅။ ဗျာ၊၃း၁၂။ ရော၊၁၂း၂။ ဧ၊၄း၁၁-၁၂။

1. အသင်းတော်အသက်တာ၌ တိုင်ဖြစ်သောသူများသည် ဘုရားသခင်၏ တရားစီရင်ခြင်း (ကြေးညို) အောက်၌ အစဉ်မပြတ် ရှိကြကာ၊ မိမိတို့သည် အသွေးအသား၌ရှိသောလူများ၊ သေခြင်းနှင့် မြှုပ်နှံခံခြင်းမှလွဲ၍ ဘာအတွက်မျှ တန်ဖိုးမရှိကြောင်း သိနားလည်သူများဖြစ်ကြသည် - ဆာ၊၅၁း၅။ ထွ၊၄း၁-၉။ ရော၊၇း၁၈။ မ၊၃း၁၆-၁၇။

   a. ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ဘာမျှမဟုတ်ကြောင်း၊ ကားတိုင်ပေါ်အသေခံရန်သာ အရည်အချင်းရှိကြောင်း စီရင်ခြင်းပြုရမည်ဖြစ်သည်။ ကျွန်ုပ်တို့ဖြစ်ခြင်းရှိသမျှ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်သာဖြစ်ကြပြီး၊ အားထုတ်လုပ်ဆောင်သော ကျွန်ုပ်တို့မဟုတ်ဘဲ၊ ဘုရားသခင်၏ကျေးဇူးတော်သာဖြစ်သည် - ၁ကော၊၁၅း၁၀။ ဂလ၊၂း၂၀။ ၁ပေ၊၅း၅-၇။

   b. ယုံကြည်သူများအလယ်၌ ကွဲပြားခြင်းနှင့် အသီးမဲ့ခြင်းနှစ်ခုလုံးအတွက် အကြောင်းပြချက်မှာ ထိုနေရာတွင် ကြေးညိုမရှိခြင်း၊ ဘုရားသခင်၏တရားစီရင်မှု မရှိခြင်းကြောင့် ဖြစ်သည်။ ထိုအစား၊ မာန်မာန၊ မိမိကိုယ်ကိုဝါကြွားခြင်း၊ မိမိကိုယ်ကို သက်သေထူခြင်း၊ မိမိကိုယ်ကို ကာကွယ်ပြောဆိုခြင်း၊ မိမိကိုယ်ကို အတည်ပြုခြင်း၊ မိမိကိုယ်ကို ဆင်ခြေပေးခြင်း၊ မိမိကိုယ်ကို ဖြောင့်မတ်ခြင်း၊ အခြားသူများကို အပြစ်တင်စီရင်ခြင်း၊ အခြားသူများကို ထိန်းကျောင်းခြင်းနှင့် ရှာဖွေခြင်းပြုရမည့်အစား သူတို့ကို စည်းကြပ်ပေးခြင်းသာ ရှိနေသည် - မ၊၁၆း၂၄။လု၊၉း၅၄-၅၅။

   c. ကျွန်ုပ်တို့သည် သခင်ဘုရားကို ချစ်၍ ကိုယ်တော်ကို ကြေးညိုလူသားအဖြစ် တွေ့ကြုံခံစားသောအခါ (ယေဇ၊၄၀း၃)၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ သာမန်ထက်လွန်ကဲသော ချစ်ခြင်းမေတ္တာ၊ ကြွယ်ဝလှသော သည်းခံခြင်း၊ အတုမရှိသော သစ္စာရှိခြင်း၊ အကြွင်းမဲ့ဖြစ်သော နှိမ့်ချခြင်း၊ အဆုံးစွန်သော ဖြူစင်ခြင်း၊ အမြင့်ဆုံးသော သန့်ရှင်းခြင်းနှင့် ဖြောင့်မတ်ခြင်းတို့နှင့် ကျွန်ုပ်တို့၏ တောက်ပခြင်းနှင့် ဖြောင့်မှန်ခြင်း ဖြစ်လာသည် - ဖိ၊၄း၅-၈။

2. ဗိမာန်တော်ရှိ တိုင်များ၏ တိုင်ထိပ်အုပ်များတွင် "ပန်းဆိုင်းဖော်သော(န္ဒယ်တက်ရန်စင်ကဲ့သို့) အလုပ်နှင့် အကွက်ဖော်သောအလုပ်ဖြင့် ပြီးသော ကွန်ရွက်များ" ရှိသည်။ ဤသည်မှာ ဘုရားသခင်၏ တည်ဆောက်ခြင်း၌ တိုင်များဖြစ်ကြသောသူတို့ အသက်ရှင်ကာ၊ တာဝန်ကို ထမ်းဆောင်ကြသည့်နေရာ၌ ရှုပ်ထွေးလှသော၊ အတွင်းရေးယှက်လျက်ရှိသော အခြေအနေများကို ရည်ညွှန်းခြင်းဖြစ်သည် - ၁ဘုရင်၊၇း၁၇။ ၂ကော၊၁း၁၂။၄း၇-၈။

3. တိုင်ထိပ်အုပ်များ၏ ထိပ်တွင် နှင်းပွင့်များနှင့် တလည်းသီးများရှိသည် - ၁ဘုရင်၊၇း၁၈-၂၀။

   a. နှင်းပွင့်များသည် ဘုရားသခင်၌ ယုံကြည်ခြင်းအသက်တာ၊ ကျွန်ုပ်တို့ဖြစ်ခြင်းအားဖြင့် မဟုတ်ဘဲ၊ ကျွန်ုပ်တို့ထံ ဘုရားသခင်ဖြစ်ခြင်းအားဖြင့် အသက်ရှင်သောအသက်တာကို ရည်ညွှန်းသည်။ ကြေးညိုသည် "ကျွန်ုပ်မဟုတ်ပါ" ဟု ဆိုလိုပြီး၊ နှင်းပွင့်သည် "ခရစ်တော်သာ"ဟု ဆိုလိုသည် - သီ၊၂း၁-၂။ မ၊၆း၂၈၊ ၃၀။ ၂ကော၊၅း၄။ ဂလ၊၂း၂၀။

b. တိုင်ထိပ်အုပ်များ၏ လုံးပတ်လည်ရှိ တလည်းသီးများသည် အသက်ဖြစ်သော ခရစ်တော်၏ ကြွယ်ဝခြင်းများ ပြည့်ဝပြည့်စုံခြင်း၊ ပေါများကြွယ်ဝခြင်းနှင့် လှပခြင်း၊ ထင်ရှားခြင်းကို ရည်ညွှန်းသည် - ဖိ၊၁း၁၉-၂၁က။ ဧ၊၁း၂၂-၂၃။ ၃း၁၉။

c. ကွန်ရက်၏ ဖြတ်သွားခြင်းနှင့် အကွက်ဖော်သောအလုပ်၏ ကန့်သတ်ခြင်းတို့မှတစ်ဆင့် ကျွန်ုပ်တို့သည် ဘုရားသခင်၌ ကိုးစားသည့် စင်ကြယ်သော၊ ရိုးစင်းသောအသက်တာကို အသက်ရှင်နိုင်ကာ၊ အသက်၌ ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် ခရစ်တော်၏ ဘုရားဆိုင်ရာအသက် ကြွယ်ဝခြင်းများကို ထင်ရှားနိုင်မည်ဖြစ်သည်။

**III. ဤတောက်ပ၍၊ ရနံ့မွှေးကြိုင်သော ဇာတ်လမ်း၌ ရုသသည် အောက်ဖော်ပြပါနည်းလမ်းများ၌ အသင်းတော်ကို ပုံဆောင်သည်။**

A. ရုသသည် ဘုရားသခင်၏ဖန်ဆင်းခြင်းရှိ အာဒံ၌ရှိသောမိန်းမနှင့် လူ၏ကျဆင်းခြင်း၌ရှိသော မောဘအမျိုးသမီး (အပြစ်သား) ဖြစ်ပြီး ဤသွင်ပြင်နှစ်ခုဖြင့် လူဟောင်းဖြစ်ခြင်း၌ရှိ၍၊ ၎င်းမှာ အသင်းတော်သည် သူမ၏ကယ်တင်ခြင်းမတိုင်မီ၊ ဘုရားသခင်၏ဖန်ဆင်းခြင်းရှိ လူများနှင့် လူ၏ကျဆင်းခြင်း၌ရှိသည့် အပြစ်သားများအဖြစ် "ကျွန်ုပ်တို့၏လူဟောင်း"ဖြစ်ခြင်းကို ပုံဆောင်သည် - ရော၊၆း၆။

B. သေဆုံးသွားသည့် ခင်ပွန်း၏ မုဆိုးမအဖြစ် ရုသသည် ဗောဇအားဖြင့် ရွေးနုတ်ခံရကာ၊ သေဆုံးသွားသော သူမခင်ပွန်း၏ ပိုင်ဆိုင်မှုကို ဆုံးရှုံးသွားခြင်းအား ပြန်လည်ရယူရန် သေဆုံးသွားသည့် သူမခင်ပွန်း၏ အကြွေးတင်ခြင်းကို ရှင်းလင်းပေးခဲ့သည် (ရု၊၄း၉-၁၀)၊ ၎င်းမှာ အသင်းတော်သည် သူမ၏ ကားတိုင်တင်ခံရသည့် ခင်ပွန်းအဖြစ် သူမ၏လူဟောင်းနှင့်အတူ (ရော၊၇း၄က။ ၆း၆) ခရစ်တော်အားဖြင့် ရွေးနုတ်ခံရပြီး၊ ကိုယ်တော်သည် သူမ၏လူဟောင်း အပြစ်ကို ရှင်းလင်းပေးကာ (ယော၊၁း၂၉)၊ ဘုရားသခင်အားဖြင့် ဖန်ဆင်းခဲ့သည့် သူမ၏ကျဆင်းသော ဇာတိလူ၏ ဆုံးရှုံးခဲ့သော အခွင့်အရေးကို ပြန်လည်ရယူခဲ့ခြင်းအား ပုံဆောင်သည် (က၊၁း၂၆။ ဟေရှာ၊၅၄း၅)။

C. ဗောဇအားဖြင့် ရွေးနုတ်ခံရပြီးနောက် ရုသသည် သူ့အဖို့ အသစ်သောဇနီးဖြစ်လာကာ (ရု၊၄း၁၃)၊ ၎င်းမှာ အသင်းတော်သည် ကယ်တင်ခံရပြီးနောက် အသင်းတော်၏ ဇာတိလူကို အသစ်မွေးဖွားခြင်းမှတစ်ဆင့် (ယော၊၃း၆ခ)၊ ခရစ်တော်၏ အဖော်အဖက်ဖြစ်လာခြင်း (အငယ်၊၂၉က။ ရော၊၇း၄) ကို ပုံဆောင်သည်။

D. ရုသသည် အစ္စရေးမြေသို့ နောမိနောက်တွင် လိုက်ရန် (ရု၊၁း၁၆-၁၇) နှင့် ဗောဇထံ ပေါင်းစည်းဆက်နွယ်ရန် ရွေးချယ်ခဲ့ခြင်းမှာ တစ်ပါးအမျိုးသားအပြစ်သားများသည် ခရစ်တော်ထံ ပတ်သက်ဆက်နွယ်ပြီး (၂ကော၊၁း၂၁) ဘုရားသခင်၏ ကတိတော်ကို အမွေခံရခြင်း၌ ပါဝင်ဆက်ဆံနိုင်ခြင်း (ဧ၊၃း၆) ကို ပုံဆောင်သည်။

**IV. ဗောဇ (ကျွန်ုပ်တို့၏အသစ်သောခင်ပွန်းဖြစ်သည့် ခရစ်တော်ကို ပုံဆောင်ခြင်း) နှင့် ရုသ (သူမ၏ကားတိုင်ပေါ်သေခဲ့ပြီးသောခင်ပွန်းအဖြစ် သူမ၏လူဟောင်းနှင့်အတူ အသင်းတော်ကို ပုံဆောင်ခြင်း) ၏ ရုပ်ပုံကားချပ်ကို ရောမ ၇း၁-၆ တွင် ပေါလုက ပြောဆိုထားခဲ့သည်။**

A. ဘုရားသခင်၏ဖန်ဆင်းခြင်း၌ လူ၏နဂိုမူလ အနေအထားမှာ ဇနီးဖြစ်ခြင်းအနေအထားဖြစ်သည်။ ဟေရှာယ ၅၄း၅ တွင် ကျွန်ုပ်တို့ကို ပြုလုပ်သောအရှင် ဘုရားသခင်သည် ကျွန်ုပ်တို့၏ခင်ပွန်းဖြစ်ကြောင်း ပြောထားသည်။ ဘုရားသခင်ထံသို့ ဇနီးအဖြစ် ကျွန်ုပ်တို့သည် ကိုယ်တော်အပေါ် မှီခိုကာ၊ ကိုယ်တော်ကို ကျွန်ုပ်တို့၏ဦးခေါင်းအဖြစ် ယူဆောင်ရမည်ဖြစ်သည်။

B. လူသည် ကျဆင်းသောအခါ သူသည် အခြားသော အနေအထား၊ လူဟောင်း (ဘုရားသခင်ဖန်ဆင်းခဲ့သော်လည်း အပြစ်မှတစ်ဆင့် ကျဆင်းခြင်းဖြစ်လာသည့် ကျွန်ုပ်တို့၏ဖြစ်ခြင်း) ၏ မိမိကိုယ်ကို ရယူထားသော အနေအထားကို ယူဆောင်ခဲ့သည်။ ဘုရားသခင်ဖန်ဆင်းခဲ့သည့် လူသည် ဇနီးတစ်ဦးဖြစ်သည်၊ သို့သော် ကျဆင်းသောလူသည် ဘုရားသခင်ထံမှ မှီခိုကင်းလွတ်လပ်လာကာ၊ မိမိကိုယ်ကို ခင်ပွန်းအဖြစ် ဦးခေါင်းဖြစ်စေခဲ့သည်။

C. ခင်ပွန်းဟောင်းဖြစ်သည့် ကျွန်ုပ်တို့၏လူဟောင်းသည် ခရစ်တော်နှင့်အတူ ကားတိုင်ပေါ်အသေခံခဲ့ပြီးဖြစ်သည် (ရော၊၆း၆)၊ ထို့ကြောင့် ကျွန်ုပ်တို့သည် သူ၏ပညတ်တရားမှ လွတ်ကာ (၇း၂-၄) ခင်ပွန်းအသစ်ဖြစ်သည့် ခရစ်တော်တည်းဟူသော အမြဲအသက်ရှင်သောအရှင်ထံသို့ ပေါင်းစည်းဆက်နွယ်ခဲ့ကြသည်။

D. ယုံကြည်သူများအဖြစ် ကျွန်ုပ်တို့၌ အဆင့်အခြေအနေနှစ်ခုရှိသည်။
   1. ကျွန်ုပ်တို့၌ ကျဆင်းသောလူဟောင်းဖြစ်သည့် ကျွန်ုပ်တို့၏ အဆင့်အခြေအနေရှိကာ၊ ဇနီးဖြစ်ခြင်းဟူသော ဘုရားသခင်အပေါ် မှီခိုခြင်း၏ မူလအနေအထားကို စွန့်၍၊ မိမိ ကိုယ်ကို ရယူထားသည့် ခင်ပွန်းနှင့် ဦးခေါင်းဖြစ်ခြင်းဟူသော ဘုရားသခင်ထံမှ မှီခိုကင်းလွတ်လပ်ခြင်း၏ အနေအထားကို ယူဆောင်ခဲ့သည်။
   2. ကျွန်ုပ်တို့၌ အသစ်မွေးဖွားခံရသော လူသစ်အဖြစ် အသစ်သော အဆင့်အနေအထားရှိကာ၊ ဘုရားသခင်ထံသို့ စစ်မှန်သောဇနီးအဖြစ် ကျွန်ုပ်တို့၏ မူလဖြစ်သော၊ မှန်ကန်သင့်လျော်သော အနေအထားသို့ ပြန်ရယူခံရပြီး (ဟေရှာ၊၅၄း၅။ ၂ကော၊၁၁း၂-၃)၊ ကိုယ်တော်အပေါ် မှီခိုခြင်း၊ ကိုယ်တော်ကို ကျွန်ုပ်တို့၏ဦးခေါင်းတော်အဖြစ် ယူဆောင်ခြင်းရှိသည်။

E. ကျွန်ုပ်တို့သည် ခင်ပွန်းဖြစ်ခြင်း အဆင့်အနေအထားအဟောင်း မရှိတော့ပေ၊ အကြောင်းမှာ ကျွန်ုပ်တို့သည် ကားတိုင်ပေါ်အသေခံခဲ့ပြီးဖြစ်သည် (ဂလ၊၂း၂၀။ ရော၊၆း၆)။ ကျွန်ုပ်တို့၌ ယခုတွင် မှန်ကန်သင့်လျော်သည့် ဇနီးဖြစ်ခြင်း အဆင့်အနေအထားအသစ်သာ ရှိပြီး၊ ၎င်း၌ ခရစ်တော်ကို ကျွန်ုပ်တို့၏ခင်ပွန်းအဖြစ် ယူဆောင်ကာ၊ လူဟောင်းအတိုင်း အသက်ရှင်ခြင်း မရှိသင့်တော့ပေ (လူဟောင်းကို ကျွန်ုပ်တို့၏ခင်ပွန်းအဖြစ် ယူဆောင်ခြင်း မရှိသင့်တော့ပေ)။

F. ရောမ ၇း၄ တွင် ပေါလုက အသုဘချခြင်းနှင့် ထိမ်းမြားလက်ထပ်ခြင်းနှစ်ခုလုံးကို အတူတကွ ထားရှိသည်။ တစ်ဖက်တွင် ကျွန်ုပ်တို့သည် မြှုပ်နှံခံရပြီးဖြစ်သည်။ အခြားတစ်ဖက်တွင် ကျွန်ုပ်တို့သည် လက်ထပ်ထိမ်းမြားကြသည်။ ကျွန်ုပ်တို့သည် အဆင့်အနေအထားအဟောင်းအရ အသေခံခြင်း ရှိခဲ့ကြပြီး၊ ကျွန်ုပ်တို့၏ အဆင့်အနေအထားအသစ်အရ အခြားတစ်ဦးကို လက်ထပ်ခြင်း ရှိရန်ဖြစ်သည်။ ကျွန်ုပ်တို့၏အဆင့်အနေအထားအသစ်အရ ကျွန်ုပ်တို့သည် သေခြင်းမှ ထမြောက်ခဲ့သောသူကိုယ်တော်ကို လက်ထပ်ခြင်းရှိကြကာ၊ ဘုရားသခင်အဖို့ အသီးသီးခြင်း ရှိကြသည်။

G. ကျွန်ုပ်တို့၏လူဟောင်း၊ ကျွန်ုပ်တို့၏ခင်ပွန်းဟောင်းသည် ခရစ်တော်နှင့်အတူ ကားတိုင်ပေါ်အသေခံခဲ့ပြီးဖြစ်သည်၊ သို့မှသာ "သင်တို့သည် အခြားသောသူ တည်းဟူသော သေခြင်းမှ ထမြောက်တော်မူသောသူထံ ပေါင်းဆက်၍၊ ဘုရားသခင်အဖို့ အသီးသီးမည်" ဖြစ်သည် (အငယ်၊၄)။ ဤပေါင်းစည်းဆက်နွှယ်ခြင်းသည် ဇနီးအဖြစ် ကျွန်ုပ်တို့၏အဆင့်အနေအထားအသစ်၌ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ရှိသော ခရစ်တော်နှင့်အတူ ပုဂ္ဂိုလ်၊ နာမ၊ အသက်နှင့် ဖြစ်တည်မှု၌ ရှင်သန်သော ပေါင်းစည်းမှု ရှိကြကြောင်း ရည်ညွှန်းသည်။

H. အသစ်မွေးဖွားသော လူသစ်နှင့် ခရစ်တော်ထံသို့ ဇနီးအဖြစ် ကျွန်ုပ်တို့ဖြစ်သမျှနှင့် လုပ်ဆောင်သမျှသည် ယခုတွင် ဘုရားသခင်ထံ ဆက်နွှယ်နေပြီး၊ ဘုရားသခင်သည် ကျွန်ုပ်တို့အသက်တာ၏ အသီး၊ လျှံထွက်စီးဆင်းခြင်းအဖြစ် ကျွန်ုပ်တို့က မွေးဖွားခြင်းရှိကြသည်။ ဤအရာသည် သေခြင်းသို့ မွေးဖွားသော အသီးနှင့် ဆန့်ကျင်ဖက်ဖြစ်ကာ (အငယ်၊၅)၊ ၎င်းမှာ ယခင်က လူဟောင်း၊ ခင်ပွန်းဟောင်းအားဖြင့် ကျွန်ုပ်တို့မွေးဖွားခဲ့သည့် အသီးဖြစ်သည်။

I. ကျွန်ုပ်တို့သည် ယခုတွင် ကျွန်ုပ်တို့၏ဝိညာဉ်၌ အသက်ပေးသော ဝိညာဉ်တော်ဖြစ်သည့် ရှင်ပြန်ထမြောက်သော ခရစ်တော်ထံ ပေါင်းစည်းဆက်နွှယ်ခဲ့ကြပြီဖြစ်သည်။ ဤသည်မှာ "ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ" (၈း၁၆) "တစ်ဝိညာဉ်တည်း"အဖြစ် (၁ကော၊၆း၁၇) ပေါင်းစည်းဆက်နွှယ်ခြင်း ဖြစ်သည်။
   1. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးကို ဤပေါင်းစည်းဆက်နွှယ်သည့် ဝိညာဉ်သို့ လှည့်ပြန်ကာ၊ ဤအရာ၌ ထားရှိရမည်ဖြစ်သည် - ရော၊၈း၆ခ။
   2. ကျွန်ုပ်တို့သည် ဤပေါင်းစည်းဆက်နွှယ်သည့်ဝိညာဉ်အတိုင်း အသက်ရှင်ကာ လျှောက်လှမ်းခြင်းရှိရမည် - အငယ်၊၄။
   *3.* ကျွန်ုပ်တို့သည် ထိုသို့ ဤပေါင်းဆက်ထားသော ဝိညာဉ်၌ အသက်ရှင်သောအခါ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၏ ဘုန်းတော်အတွက် ခရစ်တော်ကို စုပေါင်းထင်ရှားခြင်းဖြစ်လာရန် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို ရှင်ထွက်ခြင်းရှိနိုင်ကြမည်ဖြစ်သည် - ဧ၊၁း၂၃။ ၃း၂၁။ ၁ကော၊၁၀း၃၁။ ၁ပေ၊၄း၁၁။ ဗျာ၊၂၁း၁၀-၁၁။

© 2021 Living Stream Ministry